IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၇ - စက်တင်ဘာ ၂၀၁၀

ထိုင်းနှင့်မြန်မာနှစ်နိုင်ငံ ပူးပေါင်းအလုပ်အကိုင်ခန့်ထားရေးဆိုင်ရာသဘောတူနားလည်မှုစာချုပ်[၁]ကို၂၀၀၃ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။သို့ရာတွင်၂၀၀၉ ခုနှစ်မတိုင်ခင်အထိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ၂၀၀၉ခုနှစ်ဇူလိုင်လမှစတင်၍ထိုင်းနိုင်ငံအတွင်းသို့စည်းစနစ်တကျဝင်ရောက်လာခဲ့ခြင်းမရှိခဲ့ကြသောမြန်မာ/ဗမာ နိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများအားနိုင်ငံသားစိစစ်အတည်ပြုခြင်း(Nationality Verification၊နိုင်/စစ်) လုပ်ငန်းစဉ်[၂]ဆောင်ရွက်ပြီးစီးသည်နှင့်တစ်ပြိုင်နက်တရားဝင်အလုပ်လုပ်ကိုင်ခွင့်ကိုပေးအပ်ခဲ့ပါသည်။၂၀၀၃ခုနှစ် သဘောတူနားလည်မှုစာချုပ်သည်အရည်အချင်းနိမ့်ရွှေ့ပြောင်းအလုပ်သမားများအားထိုင်းနိုင်ငံအတွင်းတရားဝင်ဝင် ရောက်အလုပ်လုပ်ကိုင်နိုင်စေမည့်မူဝါဒတစ်ရပ်ကိုလည်းချမှတ်ပေးခဲ့ပါသည်။သဘောတူညီချက်အားအကောင်အ ထည်ဖော်ဆောင်ရွက်ရာတွင်လုပ်ငန်းလည်ပတ်အောင်အချိန်ယူ၍ဆောင်ရွက်ခဲ့ကြပြီးမကြာသေးမီကနှစ်ဘက်အစိုးရ များသည်နောက်ဆုံးအဆင့်များသို့ရောက်ရှိပြီးစီးအောင် ရှေ့ဆက်ဆောင်ရွက်လျက်ရှိကြပါသည်။

ဤကြေငြာချက်တွင်မြန်မာနိုင်ငံမှရွှေ့ပြောင်းအလုပ်သမားသစ်များစုဆောင်းခေါ်ယူရေးဆိုင်ရာလုပ်ငန်းအဆင့်များ ကိုလေ့လာတင်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများ၏နိုင်/စစ်လုပ်ငန်းစဉ်သတင်း အချက်အလက်များလည်း ထည့်သွင်းဖော်ပြထားပါသည်။

<u>မြန်မာ/ဗမာအာဏာပိုင်များက ထိုင်းနိုင်ငံအတွင်းတွင် အလုပ်လုပ်ကိုင်ရန် မြန်မာ နိုင်ငံသား တစ်သောင်းတစ်ထောင်ကျော်ရှိကြောင်း အတည်ပြု</u>

၂၀၁၀ခုနှစ်ဩဂုတ်လ၂၆ရက်နေ့တွင်ထိုင်းနိုင်ငံ၏နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံးအလုပ်အကိုင်ခန့် ထားရေးဌာနမှပြည်နယ်နှင့်ဘန်ကောက်အလုပ်အကိုင်ခန့်ထားရေးရုံးများသို့ မြန်မာအလုပ်သမားသစ်များခေါ်ယူ ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများပါဝင်သောစာမူကြမ်းတစ်စောင်အားထုတ်ပြန်ခဲ့ပါသည်။ထိုစာတွင်ထိုင်းနိုင်ငံ အတွင်းတွင်အလုပ်လုပ်ကိုင်ရန်ထိုင်းလုပ်ငန်းရှင်(၈၆)ဦးမှတောင်းခံထားသောမြန်မာအလုပ်သမား(၁၁,၇၅၉)ဦး ပါဝင်သည့်စာရင်းအားအတည်ပြုထားခဲ့ပါသည်။အလုပ်အကိုင်ခန့်ထားရေးရုံးများမှလုပ်ငန်းရှင်များကိုၤင်းတို့၏ အလုပ်သမားတောင်းခံချက်အားခွင့်ပြုကြောင်းအကြောင်းကြားရန်နှင့်တောင်းခံသည့်အလုပ်သမားအရေအတွက် ကိုထပ်မံအတည်ပြုရမည့်အဆင့်လည်းပါဝင်သည်။အလုပ်အကိုင်ခန့်ထားရေးရုံးများသည်အတည်ပြုစာအားနိုင်ငံ ခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံးသို့၂၀၁၀ခုနှစ်ဩဂုတ်လ၃၁ရက်နေ့နောက်ဆုံးထား၍ပေးပို့ရမည်ဖြစ်ပြီး ထိုစာကို မြန်မာ/ဗမာအာဏာပိုင်များထံ ဆက်လက်ပေးပို့သွားမည် ဖြစ်ပါသည်။

---

[၁] *ထိုင်းနိုင်ငံအစိုးရနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံပူးပေါင်း၍ အလုပ်အကိုင်ခန့်ထားဆိုင်ရာ သဘောတူနားလည်မှုစာချုပ်၊ ၂၀၀၃ ခုနှစ် ဇွန်လ ၂၁ ရက်နေ့။*

[၂] နိုင်/စစ်လုပ်ငန်းစဉ် စတင်ဆောင်ရွက်ခြင်းနှင့် နောက်ဆုံးထားဆောင်ရွက်ရမည့်ရက်များကို ယခင်ထုတ်ဝေပြီး ကြေငြာချက်များတွင် ဖတ်ရှုနိုင်ပါသည်။

နှစ်နိုင်ငံသဘောတူနားလည်မှုစာချုပ်အရမြန်မာနိုင်ငံမှ အလုပ်သမားသစ်များ စုဆောင်းခေါ်ယူရေးလုပ်ငန်းအဆင့်များ

သဘောတူနားလည်မှုစာချုပ်အရမြန်မာနိုင်ငံမှရွှေ့ပြောင်းအလုပ်သမားသစ်များခေါ်ယူရေး လုပ်ထုံးလုပ်နည်းများမှာ အနည်းငယ်ခက်ခဲရှုပ်ထွေးပါသည်။ အချုပ်အားဖြင့်ဆိုရသော် အောက်ပါအဆင့်များပါဝင်သည်[၃]–

အဆင့် ၁။ ထိုင်းနိုင်ငံရှိလုပ်ငန်းရှင်တစ်ဦးမှ ခန့်ထားလိုသည့်ရွှေ့ပြောင်းအလုပ်သမားများ ခွဲတမ်းပမာဏကို ပြည်နယ်/ဘန်ကောက်အလုပ်အကိုင်ခန့်ထားရေးရုံး၊ထိုင်းအလုပ်သမားဝန်ကြီးဌာနတွင်လျှောက်ထားသည်။

အဆင့် ၂။ ခွဲတမ်းပမာဏကိုပြည်နယ်/ဘန်ကောက်အလုပ်အကိုင်ခန့်ထားရေးရုံး၊ထိုင်းအလုပ်သမား ဝန်ကြီးဌာနမှ အတည်ပြုပေးသည်။

အဆင့် ၃။ မြန်မာ/ဗမာရွှေ့ပြောင်းအလုပ်သမားသစ်များစုဆောင်းရန်အတွက် လုပ်ငန်းရှင်မှ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ ပြည်နယ်/ဘန်ကောက် အလုပ်အကိုင်ခန့်ထားရေး ရုံးတစ်ရုံးတွင် ပြည်ပအလုပ်သမားငှားရမ်းခြင်းနှင့် စာချုပ်ချုပ်ဆိုရန် တောင်းဆိုချက် စာတစ်စောင်နှင့်အတူ လျှောက်ထားသည်။ ထိုင်းအလုပ်သမားဝန်ကြီးဌာနက လျှောက်လွှာများကို စုစည်း၍ မြန်မာသံရုံးမှတဆင့် မြန်မာ/ဗမာအလုပ် သမားဝန်ကြီးဌာနသို့ ပေးပို့သည်။ လျှောက်လွှာများအား ဝန်ကြီးအဖွဲ့၏ခွင့်ပြုချက်ရယူရန် ဆက်လက်ပေးပို့ သွားသည်။

အဆင့် ၄။ ဝန်ကြီးအဖွဲ့၏ခွင့်ပြုချက်ရလျှင် မြန်မာ/ဗမာအလုပ်သမားဝန်ကြီးဌာန၊အလုပ်သမားရေးရာဌာနမှ မြဝတီ၊ ကော့သောင်း၊ တာချီလိတ်မြို့များရှိ ဒေသခံအလုပ်သမားရေးရာဌာနများတွင်အလုပ်နေရာလစ်လပ်မှု ကြော်ငြာချက်များ ကပ်ထားပေးသည်။

အဆင့် ၅။ မြန်မာ/ဗမာနိုင်ငံရှိ ဒေသခံအလုပ်သမားရေးရာဌာန ရုံးများက လျှောက်လွှာများကို စိစစ်ခြင်း၊ လျှောက်လွှာရှင်များအား ကျန်းမာရေး ကြိုတင်စစ်ဆေးခြင်း နှင့် အတည်ပြုရွေးချယ်ထားသော လူစာရင်းအား မြန်မာသံရုံးမှတဆင့် ထိုင်းအလုပ်သမားဝန်ကြီးဌာန/အလုပ်အကိုင်ခန့်ထားရေးရုံးသို့ ပေးပို့သည်။

အဆင့် ၆။ ထိုင်းအလုပ်သမားဝန်ကြီးဌာန/အလုပ်အကိုင်ခန့်ထားရေးဌာနမှ အကြောင်းကြားချက်ရလျှင် ထိုင်း လုပ်ငန်းရှင်များသည်[၄] ထိုင်းနိုင်ငံ (ချင်းရိုင်း၊ မဲဆောက် သို့မဟုတ် ရနောင်း)ရှိ နိုင်/စစ်ကွပ်ကဲရေးဌာန တစ်ခုသို့ သွားရောက်ပြီး ထိုင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်လက်မှတ်ဖြင့် ဝင်ရောက်လာသည့် လျှောက်ထား သူများကို လူတွေ့မေးမြန်းသည်။ ဤအချိန်တွင် ကျန်းမာရေးစစ်ဆေးရန်လည်း စီစဉ်ထားပါသည်။[၅] ရွှေ့ပြောင်းသူများနှင့် ထိုင်းလုပ်ငန်းရှင်များသည် ကျန်းမာရေးမစစ်ဆေးမီနှင့် စစ်ဆေးပြီးချိန်တို့တွင် ချင်းရိုင်း၊ မဲဆောက် (သို့မဟုတ်) ရနောင်းမြို့တို့ရှိ ပြည်နယ်အလုပ်အကိုင်ခန့်ထားရေးရုံးများသို့ သတင်းပို့ရမည်။ ထို့နောက် နိုင်/စစ်ကွပ်ကဲရေးဌာနမှ အောင်မြင်သောလျှောက်ထားသူများကိုမြန်မာနိုင်ငံအလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဌာနသို့ အကြောင်းကြားမည်ဖြစ်ပြီးဒေသခံအလုပ်သမားရေးရာဌာနများကအောင်မြင်သောလျှောက်ထားသူများအား ၄င်းတို့အားရွေးချယ်ကြောင်း အသိပေးမည် ဖြစ်ပါသည်။

အဆင့် ၇။ ထိုင်းအလုပ်သမားဝန်ကြီးဌာနသည် မြန်မာသံရုံးမှတဆင့် မြန်မာအလုပ်သမားဝန်ကြီးဌာနသို့ မြန်မာ/ဗမာနိုင်ငံ(မြဝတီ၊ကော့သောင်း၊တာချီလိတ်မြို့များ)မှယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် ရွေးချယ်ခံရသောအလုပ်သမားများအား လာရောက်ခေါ်ယူမည့် လုပ်ငန်းရှင်အမည်အား အကြောင်းကြားပေးပါမည်။ထို့အပြင် အလုပ်အကိုင်ခန့်ထားရေးရုံး၊ ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ အင်္ဂလိပ်ဘာသာဖြင့် အတည်ပြုထားသောအမည်စာရင်းတစ်စောင်အားလုပ်ငန်းရှင်ကိုပေးလိုက်မည်ဖြစ်ပါသည်။ လုပ်ငန်းရှင်က

[၃] အနှစ်ချုပ်ဖော်ပြထားသော လုပ်ထုံးလုပ်နည်းအဆင့် (၁၁) ဆင့်မှာ နိုင်ငံတကာရွှေ့ပြောင်းသူများအဖွဲ့အစည်းက သက်ဆိုင်ရာအစိုးရအာဏာပိုင်များကို တွေ့ဆုံမေးမြန်း၍ စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

[၄] အလုပ်ရှင်များကိုယ်တိုင် (သို့) လုပ်သားသစ်စုဆောင်းရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ၄င်းတို့ကိုယ်စား ဆောင်ရွက်ပေးမည့် လူပုဂ္ဂိုလ်/ကုမ္ပဏီများက ရွေးချယ်လျှင်လည်း ရပါသည်။

[၅] ဆေးစစ်ချက်အဖြေများသည် ရက်ပေါင်း (၆၀) သာ တရားဝင်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားသည် ဆေးစစ်ချက်သက်တမ်းကုန်ဆုံးပြီးနောက်ပိုင်းမှ ထိုင်းနိုင်ငံသို့ လာရောက်မည်ဆိုပါက နယ်စပ် သို့မဟုတ် အလုပ်လုပ်ကိုင်မည့်ပြည်နယ်များတွင် ထပ်မံဆေးစစ်ရမည် ဖြစ်သည်။ (အဆင့်–၁၀ တွင် ရှု)

ဤစာရင်းစာရွက်ကို မြန်မာ/ဗမာအာဏာပိုင်များအားပြသပြီး ရွေးချယ်ထားသော အလုပ်သမားများအား ခေါ်ယူနိုင်ရေးအတွက်အခွင့်တောင်းခံရပါမည်။

အဆင့် ၈။ ရွေးချယ်ခံရသော ရွှေ့ပြောင်းလုပ်သားများသည် မြန်မာ/ဗမာယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး (၃)ရုံးအနက်မှ တစ်ရုံးတွင်(မြန်မာငွေ၃,၀၀၀ကျပ်ပေးဆောင်ပြီး)ယာယီနိုင်ငံကူး လက်မှတ်တစ်ခု လျှောက်ထားရပါမည်။

အဆင့် ၉။ လုပ်ငန်းရှင်သည်ရွှေ့ပြောင်းအလုပ်သမားများနှင့်တွေ့ဆုံပြီးလူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများတွင် ထောက်ပံ့ကူညီရန် မြန်မာ/ဗမာယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးစိုက်ရာ မြန်မာနိုင်ငံဘက်သို့ သွားရောက်ရပါမည်။ ထိုင်းနိုင်ငံသို့ရောက်သည်နှင့်တစ်ပြိုင်နက် ရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနယ်စပ်လူဝင်မှုကြီးကြပ်ရေးရုံးသို့ ဆက်သွယ်ပြီး ပြည်ဝင်ခွင့်များနှင့် နေထိုင်ခွင့်လက်မှတ်များ လျှောက်ထားရပါမည်။ ပြည်ဝင်ခွင့်(ပုံမှန်)တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၂,၀၀၀ အစား ပထမဦးဆုံး အလုပ်သမား (၁၀,၀၀၀) ဦးကို တစ်ဦးလျှင် ၅၀၀ ဘတ်နှုန်းဖြင့် ကောက်ခံပေးပါမည်။ နှစ်နှစ်သက်တမ်းရှိသောပြည်ဝင်ခွင့်လက်မှတ်ရရှိမည်ဖြစ်ပြီးနောက်ထပ်နှစ်နှစ်အတွက်အသစ်လဲလှယ်နိုင်ပါသည်။ရွှေ့ပြောင်းအလုပ်သမားများသည်မြန်မာ/ဗမာနိုင်ငံသို့ပြန်ထွက်ပြီးထိုင်းနိုင်ငံသို့ပြန်လာမည်ဆိုပါက မပြန်မီပြန်လည်ပြည်ဝင်ခွင့်တစ်ခု(သို့) အကြိမ်ကြိမ် ပြည်ဝင်ခွင့်လက်မှတ်တစ်ခု ဝယ်ယူသွားရပါမည်။

အဆင့် ၁၀။ ရွှေ့ပြောင်းအလုပ်သမားများ၏ ကျန်းမာရေးစစ်ဆေးချက်သည် သက်တမ်းကုန်ဆုံးပြီဆိုပါက (ပထမဆုံးစစ်ဆေးစဉ်အချိန်နှင့် ထိုင်းနိုင်ငံသို့ အမှန်တကယ်ရောက်ရှိချိန်ကာလ ရက်ပေါင်း (၆၀)ထက် ကျော်လွန်နေပါက) နယ်စပ်တွင်လည်းကောင်း၊ အလုပ်လုပ်မည့်ပြည်နယ်တွင်လည်းကောင်း ပြန်လည် စစ်ဆေးရပါမည်။

အဆင့် ၁၁။ ရွှေ့ပြောင်းအလုပ်သမားများသည် ပြည်ဝင်ခွင့်လက်မှတ်ရလျှင် ရက်ပေါင်း (၃၀) အတွင်း ပြည်နယ်/ ဘန်ကောက်အလုပ်အကိုင်ခန့်ထားရေးရုံးတစ်ရုံးတွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်တစ်စောင် လျှောက်ထား ရမည်။ ဝန်ကြီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းဆောင်ရွက်ခနှုန်းထားပေါ်မူတည်၍ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ကြေးများကွာခြားနိုင်ပါသည်။ (လုပ်ငန်းဆောင်ရွက်ခများ အသေးစိတ်ကို ရွှေ့ပြောင်းအလုပ် သမားများအတွက် အသိပေးကြေငြာချက် အမှတ်–၄ တွင် ဖတ်ရှုနိုင်ပါသည်)

<u>သဘောတူနားလည်မှုစာချုပ်အရထိုင်းနိုင်ငံအတွင်းဝင်ရောက်လာသောရွှေ့ပြောင်းအလုပ်သမားများသည်သတ်မှတ်ထားသောစည်းမျဉ်းများအတိုင်း အောက်ပါအကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်ပါသည်</u>–

- ထိုင်းနိုင်ငံအတွင်းတရားဝင်အလုပ်လုပ်ကိုင်နိုင်ပြီးအဖမ်းဆီးခံရခြင်းသို့မဟုတ် နေရပ်သို့ပြန်ပို့ခံရခြင်းများ မရှိတော့ပါ။
- ထိုင်းနိုင်ငံအတွင်း ပြည်နယ်အားလုံးသို့သွားလာနိုင်သည်။
- မြန်မာနိုင်ငံသို့ပြန်လည်သွားရောက်နိုင်သည်။ သို့ရာတွင် ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက လူဝင်မှုကြီးကြပ်ရေးရုံးတွင် ပြန်လည်ပြည်ဝင်ခွင့်လက်မှတ်တစ်ခု တောင်းခံရမည် ဖြစ်ပါသည်။

<u>တာဝန်ဝတ္တရားများ</u>

- ရွှေ့ပြောင်းအလုပ်သမားများသည်လူဝင်မှုကြီးကြပ်ရေးရုံးတစ်ရုံးတွင်ရက်ပေါင်း(၉၀)ပြည့်တိုင်းသတင်းပို့ရမည်။

မှတ်ချက်။ သဘောတူနားလည်မှုစာချုပ်၏ရှေ့ပြေးအဆင့်ဆောင်ရွက်ရာတွင်အလုပ်သမားသစ်စုဆောင်းခြင်း လုပ်ငန်းလွယ်ကူချောမွေ့စေရန်မြန်မာ/ဗမာအလုပ်သမားဝန်ကြီးဌာနမှ ရုံး(၃)ရုံးဖြင့် ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ကမ္ဘောဒီးယား နိုင်ငံသားစိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ် ဆောင်ရွက်မှု

အလုပ်သမားရေးရာဌာန၊ ကမ္ဘောဒီးယား အလုပ်သမားနှင့် အသက်မွေးမှုပညာသင်ကြားရေး ဝန်ကြီးဌာနသည် ထိုင်းနိုင်ငံအတွင်းရှိကမ္ဘောဒီးယားအလုပ်သမားများအတွက်နိုင်/စစ်လုပ်ငန်းစဉ်ဆောင်ရွက်ရန် သုံးလကြာလုပ်ငန်းအစီအစဉ်ကို ထုတ်ပြန်ခဲ့ပါသည်။ နိုင်/စစ်လုပ်ငန်းစဉ်ကို သတ်မှတ်ထားသော ထိုင်းနိုင်ငံပြည်နယ်များတွင် အောက်ဖော်ပြပါနေ့ရက်များ၌ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်–

နိုင်/စစ်ဆောင်ရွက်ပေးမည့် အလုပ်အကိုင်ခန့်ထားရေးရုံး	လိပ်စာ	နိုင်/စစ်ဆောင်ရွက်ပေးမည့်ကာလ (စနေ–တနင်္ဂနွေနှင့် တရားဝင်ရုံးပိတ်ရက်များအပါအဝင်)
တရတ် (Trat)	တရာ့(တ်)ပြည်နယ်ခန်းမ၊ ရတ်နီရုမ်လမ်း၊ ဘန်ဖရခရိုင်ခွဲ၊ မွန်းခရိုင်၊ တရတ်ပြည်နယ်	၂၀၁၀ စက်တင်ဘာလ ၂–၁၀
ရယောင်း (Rayong)	ရယောင်းအစိုးရရုံး၊ဒုတိယထပ်၊စူခွန်ဗစ်လမ်း၊ နန်ဖရခရိုင်ခွဲ၊ မွန်းခရိုင်၊ ရယောင်းပြည်နယ်	၂၀၁၀ စက်တင်ဘာလ ၁၃–၁၉ ၂၀၁၀ စက်တင်ဘာလ ၂၁–၂၆ ၂၀၁၀ စက်တင်ဘာလ ၂၈–၃၀
ချွန်ဘူရီ (Chonburi)	၁၉၉၊ မူး ၃၊ ရာရတ်မွန်ထရာစေဗီလမ်း၊ စာမက်ခရိုင်ခွဲ၊ မွန်းခရိုင်၊ ချွန်ဘူရီပြည်နယ်	၂၀၁၀ အောက်တိုဘာလ ၁၁–၂၂
ဆမွတ်ပရာကန် (Sumut Prakarn)	၂၉/၆၅–၆၆၊ မူး ၇၊ စရီနကရင်လမ်း၊ တီပါရတ်ခရိုင်ခွဲ၊ မွန်းခရိုင်၊ ဆမွတ်ပရာကန် ပြည်နယ်	၂၀၁၀ နိုဝင်ဘာလ ၁–၇
ပရာချာခီရီခန် (Prachuapkhirikhan)	၁၃၃/၁၊ စုက်ဂျိုင်ခရိုင်ခွဲ၊ မွန်းခရိုင်၊ ပရာချာခီရီခန် ပြည်နယ်	၂၀၁၀ နိုဝင်ဘာလ ၁၃–၁၄
နခွန်ရာချစီမာ (Nakornratchasrima)	၁၉၃၆/၃၊ မစ်ထရာဖာ့လမ်း၊ နိုင်မွန်းခရိုင်ခွဲ၊ မွန်းခရိုင်၊ နခွန်ရာချစီမာပြည်နယ်	၂၀၁၀ နိုဝင်ဘာလ ၂၀–၂၁
စုန်ခလာ (Songkhla)	စုန်ခလာပြည်နယ်ရုံးဟောင်း၊ ရာချဓမ်နန်လမ်း၊ ဘိုယန်ခရိုင်ခွဲ၊ မွန်းခရိုင်၊ စုန်ခလာပြည်နယ်	၂၀၁၀ နိုဝင်ဘာလ ၂၇–၂၈

စာရင်းဇယားများ*

- **သဘောတူနားလည်မှုစာချုပ်နှင့်အညီအလုပ်ခန့်ခဲ့သော ရွှေ့ပြောင်းသူစုစုပေါင်း(၂၀၀၅–၂၀၁၀)**

နိုင်ငံသား	လုပ်ငန်းရှင်များလျှောက်ထားခဲ့သည့် အလုပ်သမားအရေအတွက်	ထိုင်းနိုင်ငံအတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုခဲ့သည့် ရွှေ့ပြောင်းသူများအရေအတွက်
ကမ္ဘောဒီးယား	၆၉,၅၄၂	၂၁,၅၉၅
လာအို	၈၃,၂၃၆	၁၁,၉၅၀
မြန်မာ/ဗမာ	၄၇,၉၀၆	၅၃၄
စုစုပေါင်း	၂၀၀,၆၈၄	၃၄,၀၇၉

- **၂၀၀၆ ခုနှစ်မှစ၍ နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်ပြီးစီးသော ရွှေ့ပြောင်းသူစုစုပေါင်းကို နိုင်ငံအလိုက်ဖော်ပြချက်**

နိုင်ငံသား	၂၀၀၆ ခုနှစ်မှစ၍ နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်ပြီးစီးသော ရွှေ့ပြောင်းသူစုစုပေါင်း				
	၂၀၀၆	၂၀၀၇	၂၀၀၈	၂၀၀၉–၂၀၁၀*	စုစုပေါင်း
ကမ္ဘောဒီးယား	၃၇,၃၂၉	၈,၂၉၉	၅,၀၃၇	၈၆,၆၈၄	၁၃၇,၃၄၉
လာအို	၄၃,၆၅၇	၁၂,၅၀၂	၁၆၇	၅၉,၄၁၁	၁၁၅,၇၃၇
မြန်မာ/ဗမာ	၀	၀	၀	၁၄၂,၃၃၈	၁၄၂,၃၃၈
စုစုပေါင်း	၈၀,၉၈၆	၂၀,၈၀၁	၅,၂၀၄	၂၈၈,၄၃၃	၃၉၅,၄၂၄

- ၂၀၀၉–၂၀၁၀ ခုနှစ် အတွင်း နိုင်/စစ် အသေးစိတ်အချက်အလက်များ

နိုင်ငံသား	၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း နိုင်/စစ် ဆောင်ရွက်နိုင်သည့် ရွှေ့ပြောင်းသူများအရေအတွက် (အလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက်ရရှိထားသူများ)	၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း နိုင်/စစ် လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးသည့် ရွှေ့ပြောင်းသူများ အရေအတွက်*	၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း နိုင်/စစ် လုပ်ငန်းစဉ် လျှောက်ထားသော်ငြားမပြီး စီးသေးသည့်ရွှေ့ပြောင်းသူများ အရေအတွက်	၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း နိုင်/စစ် လုပ်ငန်းစဉ်မလုပ်ဆောင်သည့် ရွှေ့ပြောင်းသူများ အရေအတွက်
ကမ္ဘောဒီးယား	၁၂၄,၉၀၂	၈၆,၆၈၄	၁၁,၅၀၆	၂၆,၇၁၂
လာအို	၁၁၁,၀၃၉	၅၉,၄၁၁	၅၁,၆၂၈	၀
မြန်မာ/ဗမာ	၁,၀၇၉,၉၉၁	၁၄၂,၃၃၈	၆၉၀,၆၇၅	၂၄၆,၉၇၈
စုစုပေါင်း	၁,၃၁၅,၉၃၂	၂၈၈,၄၃၃	၇၅၃,၈၀၉	၂၇၃,၆၉၀

* ထိုင်းလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာန၊ နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးရုံးမှ ၂၀၁၀ခုနှစ် ဇူလိုင်၂၅ ရက်နေ့တွင် နောက်ဆုံးရရှိသော အချက်အလက်များဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲ မှထုတ်ဝေသည်။ဤအသိပေးကြေငြာချက်ကိုပြုစုရေးသားရာတွင်ပါဝင်ကူညီခဲ့သောအိုင်အိုအမ် ရန်ကုန်မြန်မာနိုင်ငံရုံးခွဲမှလုပ်ဖော်ကိုင်ဖက်များကိုအထူးကျေးဇူးတင်ရှိအပ်ပါသည်။အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုံး–၀၂–၃၄၃၉၃၀၀၊ ဖက်စ် – ၀၂–၃၄၃၉၃၉၉၊ (သို့မဟုတ်) e-mail: migrantnews@iom.int. သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။